International
Labour
Organization



# ကောင်းမွန်သောအနာဂတ် တည်ဆောက်ခြင်း - အထည်ချုပ်ကဏ္ဍ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ၏လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာလက် တွေ့သင်ကြားခြင်း (MIR- Lab) မှတဆင့် ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း

ILO-GIP စီမံကိန်းသည် ၂၀၁၈ဂျူလိုင်မှ ၂၀၁၉ မေလအတွင်းတွင် ILO၏ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်သင်ကြားရေးဗဟိုဌာန (ITCILO) နှင့် ပူးပေါင်းကာ အထည်ချုပ်ကဏ္ဍမှ ခေါင်းဆောင် အယောက် (၃၀) ကို MIR-Lab နှင့် စတင်မိတ်ဆက်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ ၎င်းအထည်ချုပ်စက်မှုကဏ္ဍတွင် လုပ်ကိုင်နေသောအုပ်စုများအချင်းချင်းကြားလုပ်ငန်းကဏ္ဍအဆင့် ဆွေးနွေးပြောဆိုမှု တိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်။

သင်တန်းတွင် မော်ကျူးတစ်ခုလျှင်(၄)ရက်ကြာသင်ကြားသည့် သင်ခန်းစာမော်ကျူး ၅ ခုပါရှိပြီး၊ အောက်ဖော်ပြပါ ခေါင်းစဉ်များကို ခြုံငုံမိစေရန် စီစဉ်ထားသည်။

- တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းခွင်ဆက်ဆံရေးများနှင့်  တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်ရှိ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ အကြောင်းကို သိရှိနားလည်ခြင်း။
- လုပ်ငန်းခွင်ဆက်ဆံရေးများ၊  လုပ်ငန်းခွင်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နစ်နာမှုကိုင်တွယ်ဖြေရှင်းခြင်း။
- စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှု တိုးတက်မြင့်မားစေခြင်း
- လုပ်ခလစာများအကြောင်း သိရှိနားလည်ခြင်း။
- လုပ်ငန်းခွင်တွင် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း ( social dialogue) ၏ တစိတ်တဒေသဖြစ်သော စုပေါင်းညှိနှိုင်းဆွေးနွေးမှု ကိုမြှင့်တင်ဆောင်ရွက်ခြင်း

စီမံကိန်းတွင် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထည်ချုပ်ကဏ္ဍ၏ အဓိက သမဂ္ဂ အဖွဲ့ချုပ် နှစ်ခုဖြစ်သည့် မြန်မာနိုင်ငံထုတ်ကုန်နှင့် စက်မှုလက်မှု အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်(IWFM) နှင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS )၊  မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် အခြားသော အထည်ချုပ်ကုန်သည်ကြီးများအသင်း မှ ပါဝင်သူများ အချိုးညီညီ ပါဝင်ခဲ့သည်။ MIR-Lab ၏ သင်တန်းစီမံကိန်းတစ်ခုလုံးတွင် သင်တန်းသား စုစုပေါင်း ၃၀ ခန့်တက်ရောက်ရန် စီစဉ်ထားခဲ့သည်။

MIR-Lab သင်တန်းအစီအစဉ် ပိတ်သိမ်းချိန်တွင် ပါဝင်တက်ရောက်သူများအား အောက်ဖော်ပြပါ အကြောင်းအရာများအကြောင်း စာစီစာကုံး ရေးသားစေခဲ့သည်။

- ပါဝင်သူများ သင်ယူခဲ့သော အကြောင်းအရာများ
- မြန်မာ့စီးပွါးရေးနှင့် လူမှုရေး တိုးတက်မှုအတွက် လုပ်ငန်းခွင်ဆက်ဆံရေး၏ အရေးပါပုံ
- ရရှိခဲ့သော သင်ယူလေ့လာမှုများက ၎င်းတို့၏ နေ့စဉ်ဘဝတွင် မည်သို့ အသုံးဝင်ပုံ

ထိုစာစီစာကုံးများထဲမှ အကောင်းဆုံးရေးသားနိုင်သူ သုံးဦးအား ရွေးချယ်ပြီး ဂုဏ်ပြုဆုအဖြစ် ထပ်ဆောင်းသင်တန်းတစ်ခုဖြစ်သည့် " ကောင်းမွန်သော အလုပ်သမားအငြင်းပွါးမှု တားဆီးရေးနှင့် ဖြေရှင်းရေးစနစ် တည်ဆောက်ခြင်း"  ခေါင်းစဉ်ကို တစ်ပတ်ကြာ (၂၀၁၉ အောက်တိုဘာ ၂၈ မှ နိုဝင်ဘာ ၁ရက်နေ့ထိ) သင်ယူလေ့လာရန် အီတလီနိုင်ငံရှိ ITCILO စင်တာသို့ စေလွှတ်ခဲ့သည်။



## ရရှိခဲ့သော အတွေးအမြင်များ

MIR-Lab သင်တန်းတက်ရောက်ခြင်းအားဖြင့် ပါဝင်သူများအနေဖြင့် အပြန်အလှန်ဆွေးနွေးပြော ဆိုမှု ၊ အငြင်းပွါးမှု တားဆီးရေးနှင့် ကိုင်တွယ်ဖြေရှင်းရေး အစရှိသည်တို့နှင့် ပတ်သက်သော အတွေးသစ် အမြင်သစ်များ ၊ နည်းလမ်းသစ်များ၊ ကျွမ်းကျင်မှုသစ်များရရှိခဲ့သည်။ သင်တန်းမှ ရရှိခဲ့သော ဗဟုသုတများသည် အလွန်အကျိုးရှိပြီး လက်တွေ့ လုပ်ငန်းခွင်တွင် လွယ်ကူစွာ အသုံးချနိုင်ကြောင်း ပါဝင်တက်ရောက်သူများမှ ပြောကြားခဲ့သည်။

> "ကျွန်မတက်သမျှ သင်တန်းတွေထဲမှာ ILO-GIP က ကျွန်မအတွက် တော်တော် အသုံးဝင်တယ်။ အချိန်တော့ ပေးရတယ်။ စက်ရုံအလုပ်တွေ ပစ်ပြီး လာရတာလေ။ ဒါပေမဲ့ ဒီသင်တန်းက ကျွန်မအတွက် အရမ်းအသုံးတည့်တယ်။ ILO က ဒီလိုသင်တန်းမျိုး နောက်ထပ် ထပ်ပေးရင်လည်း ကျွန်မက တက်ဦးမှာပါ။"

MGMA မှ ပါဝင်တက်ရောက်သူတစ်ဦးမှလည်း လေ့လာသင်ယူခဲ့ရသည်များထဲမှ သူမအတွက် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး ခေါင်းစဉ်မှာ အနာဂတ် ညှိနှိုင်းဖျန်ဖြေရေးများတွင် အသုံးချနိုင်မည့် zone of possible agreement (ZOPA)* ဖြစ်ကြောင်း ပြောကြားခဲ့သည်။ MIR-Lab သင်တန်းအစီအစဉ်တွင် ပါဝင်သူများအနေဖြင့် စေ့စပ်ဖြန်ဖြေခြင်း(mediation) နှင့်စေ့စပ် ညှိနှိုင်းခြင်း(negotiation)ကြားရှိ ကွဲပြားခြားနားမှုကို လေ့လာသိရှိခဲ့သည်။ ထို့ပြင် ITCILO ထပ်ဆောင်းသင်တန်းဖြစ်သော ကောင်းမွန်သော အလုပ်သမားအငြင်းပွါးမှု တားဆီးရေးနှင့် ဖြေရှင်းရေးစနစ် တည်ဆောက်ခြင်း ဆိုင်ရာ သင်တန်း တက်ရောက်ခဲ့သူတစ်ဦးမှလည်း ၎င်းအနေဖြင့် အခြားသော နိုင်ငံများရှိ လုပ်ငန်းခွင်ဆက်ဆံရေးများ နှင့် တရားရေး စနစ်များနှင့်ပတ်သက်ပြီး မတူညီသောချဉ်းကပ်လုပ်ဆောင်မှုနည်းလမ်းများကို လေ့လာသိရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

သင်တန်း တက်ရောက်ခြင်းဖြင့် ပါဝင်သူများအနေဖြင့် သင်တန်းအကြောင်းအရာများနှင့် ၎င်းတို့၏ အတွေ့အကြုံများကို ယှဉ်တွဲ စဉ်းစားတတ်လာစေသည်။ ၎င်းတို့ကိုယ်တိုင်လည်း ယခုအခါ အငြင်းပွါးမှုများနှင့် စေ့စပ်ညှိနှိုင်းမှုများကို ကိုင်တွယ်ရာတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဟု မိမိကိုယ်မိမိယုံကြည်မှု ရှိနေပြီဖြစ်သည်။ ဥပမာ- ပါဝင်သူများသည် ယခင်အချိန်များတွင် ဖြေရှင်းရမည့်နည်းလမ်းများကို စဉ်းစားသည့်အခါ၌ နည်းလမ်းတစ်ခုကိုတည်းကိုသာ အသုံးပြုခဲ့သော်လည်း အခုတွင်မူ အရန်အစီအစဉ်များ (Plan A, Plan B တို့ကို) ထားရှိရန် အရေးကြီးကြောင်း နားလည်သိရှိပြီး ဖြစ်ပါသည်။ ထို့ပြင် MIR-Lab မှ ရရှိသော ဗဟုသုတများကို အသုံးချခြင်းဖြင့် အနာဂတ်တွင် ဖြစ်ပေါ်နိုင်သော ပြဿနာများ၊ ပဋိပက္ခများကို ဖြေရှင်းရာတွင် ပိုမိုလွယ်ကူလိမ့်မည်ဟု ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။

> "သင်တန်းမှာပါဝင်တဲ့ အချို့သင်ခန်းစာတွေမှာ အုပ်စုလိုက် သရုပ်ပြဆွေးနွေးမှုတွေ ပါဝင်ပါတယ်။ အဲဒီဆွေးနွေးပွဲတွေမှာ ကျွန်တော်တို့အနေနဲ့ အခန်းကဏ္ဍ အမျိုးမျိုးကနေ ပါဝင်ရပါတယ်။ ဥပမာ- အလုပ်ရှင်တွေက အစိုးရနေရာမှာ သော်လည်းကောင်း၊ အလုပ်သမားတွေက အလုပ်ရှင်နေရာတွင် သော်လည်းကောင်း၊ အစိုးရက အလုပ်သမား သမဂ္ဂနေရာ မှာသော်လည်းကောင်း ပါဝင်သရုပ်ဆောင် ဆွေးနွေးရပါတယ်။ ယင်းကြောင့် လူတိုင်းက မိမိသရုပ်ဆောင်ရတဲ့ နေရာရဲ့ မတူကွဲပြားတဲ့ အမြင်တွေကို သိမြင်လာပြီး ကိုယ်ချင်းစာတတ်လာပါတယ်။ ဒါ့ကြောင့် လက်တွေ့ပြဿနာတွေကို ဖြေရှင်းရတဲ့အခါမှာလည်း နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့် နည်းလမ်းတွေကို ရွေးချယ်တတ်လာပါတယ်။"

သင်တန်းပြီးဆုံးချိန်၌ ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေပါ အခြေခံ ခံစားခွင့်များနှင့် ဆက်စပ်၍ ထပ်တိုး တောင်းဆိုမှုများ ကြုံတွေ့ရသောအခါတွင် ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆွေးနွေးရန် အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် အကျိုးစီးပွားဆိုင်ရာ ခံစားခွင့်များ(ဥပမာ-နှစ်ကြေးခံစားခွင့်၊ စွမ်းဆောင်ရည်အလိုက်ပေးသော ခံစားခွင့်များ) နှင့် ပတ်သက်သော ပြဿနာများကို ညှိနှိုင်းဖြေရှင်းခြင်းနည်းလမ်းများမှာ အပြုသဘောဆောင်သည့်ဘက်သို့ ဦးတည်နေပြီဖြစ်ကြောင်း သိရှိခဲ့သည်။

* ZOPA ဆိုသည်မှာ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသော ပါတီများ၏ အကျိုးစီးပွားများ ထပ်တူကျနိုင်သော၊ သဘောတူညီချက်များ ရရှိနိုင်သည့် အနေအထားတစ်ခုရောက်ရှိနိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်သည်။

## ခံယူချက်သဘောထားများနှင့် အလေ့အကျင့်များ ပြောင်းလဲလာခြင်း



ILO-GIP MIR-Lab သင်တန်းမတိုင်မီက ပါဝင်သူများသည် ၎င်းတို့၏ အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုကြားတွင် ယုံကြည်မှုမရှိဘဲ သံသယအမြင်များ ရှိခဲ့သည်။ ဥပမာ- အလုပ်ရှင်များက အငြင်းပွါးမှုတစ်ခုဖြစ်ပေါ်တိုင်း အလုပ်သမားများအား အစိုးရက အားပေးအားမြှောက်ပြုသည်ဟုလည်းကောင်း၊ အလုပ်သမားများကလည်း အလုပ်ရှင်နှင့် အစိုးရသည် တစ်ဘက်တည်း ဖြစ်သည်ဟုလည်းကောင်း ထင်မြင်ခဲ့ကြသည်။ သို့သော် MIR-Lab သင်တန်းအား အတူတကွ တက်ရောက်ရသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးသိရှိလာပြီး နားလည်လာကာ အချင်းချင်းကြား ယုံကြည်မှုနှင့် လေးစားမှုများ အတိုင်းအတာ တစ်ခုအထိ တိုးမြင့် လာခဲ့သည်။ ယခုအခါတွင် အွန်လိုင်း chat group အသုံးပြုပြီး ပုံမှန် ဆက်သွယ်ဖြစ်ကြသည်။ ပြဿနာတစ်ခုဖြစ်ပေါ်တိုင်း တစ်ဦးနှင့် တစ်ဦး ပိုင်းဂန်းဆွေးနွေးအကြံပေးပြီး အပြန်အလှန်ကူညီကြသည်။

အလုပ်ရှင်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် အလုပ်သမား အခွင့်အရေးများနှင့်ပတ်သက်ပြီး အလုပ်သမားများနှင့် ဆွေးနွေးသောအခါ ယုံကြည်မှုပိုမိုရရှိလာခဲ့ပြီး၊ ပြဿနာဖြေရှင်းရာတွင် အလွန်လွယ်ကူကြောင်း ပြောကြားခဲ့သည်။ သူမ၏စက်ရုံများတွင်လည်း တိုင်ပင်ဆွေးနွေးမှုများကို ပုံမှန်လုပ်ဆောင်လျက်ရှိသည်။ စက်ရုံများသို့သွားရောက်ကြည့်ရှုစစ်ဆေးမှု များလုပ်ဆောင်ခြင်းသည် အချိန်ပေးရပြီး၊ ကြိုးပမ်းအားထုတ်ဆောင်ရွက်ရသော်လည်း ရရှိသော ရလာဒ်မှာ အလွန်ပင် ကောင်းကြောင်းတွေ့ရပါသည်။ အထူးသဖြင့် အလုပ်သမားများနှင့် စီမံခန့်ခွဲရေးကြား ကောင်းမွန်သော ရင်းနှီးမှုတစ်ခု တည်ဆောက်နိုင်သည်မှာ လေးစားဖွယ်ရာ ဖြစ်သည်။

MIR-Lab သင်တန်းတတ်ရောက်ပြီးချိန်တွင် ညှိနှိုင်းမှု စွမ်းရည်၊ ပေါင်းသင်းဆက်ဆံရေး စွမ်းရည်များ သိသာစွာ တိုးတတ်လာကြောင်း သိရသည်။ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အစိုးရ ကိုယ်စားလှယ်များသည်လည်း သဘောထားများ ပြောင်းလဲလာကာ ပြဿနာများကို ဖြေရှင်းပေးသည့်နေရာတွင် ယခင်ထက်ပို၍ စိတ်ရှည်သည်းခံတတ်လာပြီး စိတ်ဂင်တစား ပါဂင်ဆောင်ရွက်လာကြသည်။ စေ့စပ်ဖြန်ဖြေခြင်း(mediation) ထက် စေ့စပ်ညှိနှိုင်းခြင်း(negotiation) ၏ အရေးပါပုံကို စိတ်ဝင်စားလာပြီး အသုံးချလာနိုင်ခဲ့သည်။ ထို့သို့သော ခံယူချက်သဘောထားများနှင့် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများ ပြောင်းလဲလာခြင်းကြောင့် ဆန္ဒပြမှုများ လျော့နည်းလာကြောင်းလည်း ပြောကြားခဲ့သည်။

## ခံယူချက်သဘောထားများနှင့် အလေ့အကျင့်များ ပိုမိုပြောင်းလဲလာခြင်း

"သင်တန်းပြီးတဲ့နောက်မှာ အငြင်းပွားမှုတစ်ခုကို ဖြေရှင်းတော့မယ်ဆိုရင် အဖက်ဖက်က စဉ်းစားတတ်လာတယ်။ ကုန်ဈေးနှုန်း အခြေအနေ၊ နိုင်ငံရေး အခြေအနေ၊ အလုပ်သမားတွေ ဆန္ဒပြရင် ကြာမဲ့အချိန်၊ လစာ အခြေအနေ ဒီလိုတွေကို ထည့်သွင်းစဉ်းစားတတ်လာတယ်။ အဲ့ဒီလို စဉ်းစားတတ်လာတော့ ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းတာတွေကို ကောင်းကောင်းလုပ်နိုင်လာတယ်။ ရလဒ်ကောင်းတွေ ရလာတယ်။"

"ဒီသင်တန်းက ရလာတဲ့ တချို့အချက်တွေကို မှတ်စုထုတ်တယ်။ အထူးသဖြင့် ZOPA ခေါင်းစဉ်ကို တရုတ်လိုဘာသာပြန်ပြီး ကျွန်မစက်ရုံက တရုတ်ဝန်ထမ်းတွေကို ပြန်ပြီးသင်တန်းပေးတယ်။ ကျွန်မစက်ရုံမှာ ပြန်အသုံးချတယ်လေ။ ကျွန်မက စက်ရုံပိုင်ရှင်ဆိုတော့ ကျွန်မလေ့လာခဲ့ရတဲ့ အကြောင်းအရာတွေပေါ် မူတည်ပြီး စက်ရုံရဲ့ အုပ်ချုပ်မှု စနစ် ပြောင်းလိုက်တာပေါ့နော်။ ကျွန်မဆီကို အလုပ်သမားတိုင်း တိုက်ရိုက် တိုင်ကြား သတင်းပို့နိုင်တဲ့ ဆက်သွယ်ရေး နည်းလမ်းတစ်ခု ဖန်တီးလိုက်တယ်။ ဝန်ထမ်းတွေကို ဆက်ဆံတဲ့ HR ကိုလည်း ကျွန်မက သင်တန်းခေါ်ပေးလိုက်တယ်။ သူတို့ရဲ့ အရည်အချင်းတွေ တိုးတက်အောင် တစ်ခါတလေ သင်တန်းတွေ တတ်ခိုင်းတယ်။ တစ်ရက် သင်တန်း နှစ်ရက် သင်တန်းပေါ့လေ။ စက်ရုံမှာရှိတဲ့ WCC† ဆိုလည်း သင်တန်းပြန်ပေးပီးနောက်ပိုင်း အရမ်း STRONG ဖြစ်လာတယ်။"



† WCC ဆိုသည်မှာ အလုပ်သမားများ/ အလုပ်သမားသမဂ္ဂများနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်များပါဝင်သော မြန်မာနိုင်ငံ အလုပ်သမား ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီဖြစ်သည်။

### စီမံကိန်း၏ အားသာချက်များ

- MIR-Lab သင်တန်းသည် အလွန်ကောင်းမွန်ပြီး အထောက်အကူပြုကြောင်း တက်ရောက်သူအားလုံးမှ ထုတ်ဖော်ပြောကြားခဲ့သည်။
- MIR-Lab သင်တန်းဆရာ/မ များမှာ အရည်အချင်းပြည့်ဝပြီး ပါဝင်သူများအား သင်တန်းချိန်တလျှောက်လုံး သင်တန်းအကြောင်းအရာပေါ်တွင် စိတ်ပါဝင်စားမှုရှိရန် စွမ်းဆောင်နိုင်သည်။
- MIR-Lab သင်တန်းတွင် အသုံးပြုသော သင်တန်းနည်းစနစ်များ အထူးသဖြင့် သင်ထောက်ကူပစ္စည်းများ နှင့် ဘာသာပြန်ဆိုမှုများမှာ အထူးကောင်းမွန်ကြောင်း ပါဝင်သူများမှ အသိအမှတ်ပြု ပြောကြားခဲ့သည်။

"ကျွန်တော့်အတွက်ကတော့ ခုလို ( အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ) သုံးပွင့်ဆိုင် သင်တန်းတက်ရတာ ပထမဦးဆုံးပါ။ အခုသင်တန်းက တက်ဖူးသမျှတွေထဲမှာ ရက်အရှည်ဆုံး အထိရောက်ဆုံးနဲ့ အကောင်းဆုံးလည်းဖြစ်ပါတယ်။ ချက်ချင်းဒါကို ပြန်ပြီးအသုံးချလို့ ရတယ်။အရမ်းအကျိုးရှိပါတယ်"

"ဒီသင်တန်းပီးတော့ ကျွန်တော်တို့ VIBER GROUP လုပ်ထားတယ်။ MIR-Lab သင်တန်းကလူ ၃၀ နဲ့ပေါ့။ ဒီအဖွဲ့ထဲမှာ အကုန်ရေး အကုန်တိုင်ပင်ကြတယ်။ ပေါင်းသင်းဆက်ဆံရေး ပိုကောင်းလာတယ်။ ကျွန်တော်တို့တွေက သူစိမ်းတွေ မဟုတ်တော့ဘူးလေ။ ပြဿနာတစ်ခု ရှိလာပြီဆိုရင်လည်း တစ်ဦးနဲ့တစ်ဦး အကူအညီတောင်းဖို့၊ ကူညီပေးဖို့ ဝန်မလေးကြဘူး။"

### စီမံကိန်း၏ ပြုပြင်ရန် လိုအပ်သော အချက်များ

- သင်တန်းတက်ရောက်သူအချို့က သင်တန်းအချိန်နှင့်ပတ်သက်၍ ပြောင်းလဲရန် အကြံဉာဏ်ပေးထားသည်။ ဥပမာ- သင်တန်းကို သုံးလတစ်ကြိမ်အစား နှစ်လတစ်ကြိမ် သင်ကြားပေးပါက ယခုထက် ပိုအကျိုးရှိမည် ဖြစ်သည်။ လမ်းခရီးတွင် ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်လွှဲနိုင်ရန် သင်တန်းချိန်ကို နံနက် ကိုးနာရီမှ ညနေ ငါးနာရီအစား နံနက် ရှစ်နာရီမှ ညနေ လေးနာရီ ပြောင်းပေးမည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။
- သင်တန်းကာလမှာ တစ်ကြိမ်လျှင် လေးရက်ဖြစ်သည့်အတွက် အချိန်ဇယားကို ပိတ်ရက်နှင့်တွဲပြီး ပြုလုပ်ပေးစေလိုကြောင်းသိရသည်။ ( ဥပမာ- တနင်္ဂနွေမှ အင်္ဂါနေ့အထိ (သို့) ကြာသပတေးနေ့မှ တနင်္ဂနွေအထိ)။ သို့ပါက သင်တန်းသားများအနေဖြင့် သင်တန်းတက်ရောက်ရန် အလုပ်နှစ်ရက်သာပျက်ရမည်ဖြစ်၍ ထိုအစီအစဉ်မှာ ပိုမိုလွယ်ကူပါလိမ့်မည်။
- သင်တန်းမှရရှိခဲ့သော ဗဟုသုတများနှင့် အကြောင်းအရာများကို အခြားသူများနှင့် ပိုမိုလွယ်ကူစွာ မျှဝေနိုင်ရန်အတွက် သင်တန်းမှတ်စု (handout)များ ထုတ်ပေးခြင်းသည် သင်တန်းတက်ရောက်သူများအတွက် ပို၍ အသုံးဝင်လိမ့်မည်ဖြစ်သည်။
- ပါဝင်တက်ရောက်သူများက သင်တန်းမှ ပို့ချသော ခေါင်းစဉ်များနှင့် တိုက်ရိုက် ပါဝင်ပတ်သက်မှုရှိသည့် အစိုးရဌာနမှ ဝန်ထမ်းများကိုသာ ဖိတ်ကြားခြင်းမှာ ပို မိုကောင်းမွန်လိမ့်မည်ဖြစ်ကြောင်း အကြံပြုပြောကြားခဲ့သည်။ သို့မှသာ ပါဝင်တက်ရောက်သူအားလုံး အနေဖြင့် သင်တန်းခေါင်းစဉ်များကို အပြည့်အဝ ချိတ်ဆက်နားလည်နိုင်မည်ဖြစ်ပြီး ရရှိလာသော ဗဟုသုတသစ်များနှင့် ကျွမ်းကျင်မှုသစ်များကို မိမိတို့၏လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လက်တွေ့အသုံးချနိုင်မည်ဖြစ်သည်။



## အနာဂတ်သို့ မျှော်မှန်းချက်

### ဗဟုသုတမျှဝေခြင်းတွင် အာရုံစိုက်ခြင်း

MIR-Lab သင်တန်းတက်ရောက်သူများသည် သင်တန်းမှ ရရှိလာသော ဗဟုသုတသစ်များကို စက်ရုံများနှင့် အလုပ်သမားအဖွဲ့အစည်းများရှိ အခြားသောဝန်ထမ်းများကို မျှဝေပေးရန် စိတ်အားထက်သန်ကြသည်။ ထို့သို့လုပ်ဆောင်နိုင်ရန် အတွက် ထပ်တိုးအထောက်အပံ့များဖြစ်သည့် သင်တန်းသင်ရိုးမာတိကာ၊ မှတ်စု (handouts) နှင့် အခြားသင်တန်းသုံး ပစ္စည်းများကို လက်လှမ်းမီလိုကြောင်း ပြောကြားထားပါသည်။

> "အခုချိန်မှာတော့ ကျွန်တော်အနေနဲ့ သင်ရိုးညွှန်းတန်းကို အခြေခံလောက်ပဲ ဆွဲတတ်တယ်။ တစ်ရက်၊ နှစ်ရက်စာလောက်ပဲ ဆွဲနိုင်ပါသေးတယ်။ ဆွဲတော့လည်း ကိုယ်သိထားတဲ့အကြောင်းအရာထဲကပဲ ထုတ်နုတ်ပြီး ဆွဲတာလေ။ ဒီ့ထက်ပိုပြီး အရည်အသွေးပြည့်မီတဲ့ သင်တန်းမျိုးတွေဖြစ်အောင် အပြည်ပြည်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေနဲ့အညီ ဆွဲတတ်ချင်တာပေါ့ဗျာ။ အဲ့ဒါတွေကို ကျွန်တော်တို့က ထပ်ပြီးတော့ လေ့လာချင်တာပါ။"

### ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာခြင်း

လုပ်ငန်းခွင်ဆက်ဆံရေးနှင့် ပတ်သက်သော နည်းပညာပိုင်းဆိုင်ရာ သင်တန်းကို ပြီးပြည့်စုံမှုရှိစေရန်အတွက် သင်တန်းတက်ရောက်သူများက ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းဆရာဖြစ် ကျွမ်းကျင်မှုများတိုးတက်လိုမှု နှင့် အသိအမှတ်ပြု လက်မှတ်ရရှိလိုသော ဆန္ဒကို ဖော်ပြခဲ့သည်။ ထိုသို့သော တိုးတက်မှုများက လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်သမားများအား တရားဝင် ပိုမိုဝေမျှနိုင်ပြီး ၎င်းတို့ လေ့လာခဲ့သော အတွေးအမြင်များနှင့် နည်းလမ်းများကို အဖွဲ့အစည်းများကြားတွင် ရေရှည်အသုံးချနိုင်မည်ဖြစ်ကြောင်း အကြံပြုခဲ့သည်။

> "PROFESSIONAL TRAINER လို ပြန်သင်ပေးနိုင်တဲ့ အရည်အချင်းမျိုး ကျွမ်းကျင်မှုမျိုး ရှိချင်ပါတယ်။ အခုကျ လေးရက်စာပဲ တတ်ထားတော့ ကိုယ့်မှာ ပြန်ဖတ်စရာ လေးရက်စာပဲ ရှိတယ်။ ဒါကြောင့် ပြန်သင်ပေးဖို့ကလည်း အားမရှိဘူး။ ဒီထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် သိချင်ပါတယ်။ နားလည်ချင်ပါတယ်။"

ထိုမှတ်ချက်များက MIR-Lab သင်တန်းသည် ပါဝင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုနှင့် ပတ်သက်သော သင်တန်းများ ထပ်မံတက်ရောက်ရန် နှင့် ဗဟုသုတများကို သက်ဆိုင်ရာ အဖွဲ့အစည်းများကြား ကျယ်ကျယ်ပြန့်ပြန့် ဝေမျှပေးရန် ၎င်းတို့၏ စိတ်အားထက်သန်မှုကို နှိုးဆွပေးခဲ့ကြောင်း ဖော်ပြနေပါသည်။



SWEDEN

H&M

M&S
EST. 1884

"မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းခွင်ဆက်ဆံရေးများတိုးတက် ကောင်းမွန်စေခြင်း" ဆိုင်ရာ ILO-GIP စီမံကိန်း။ ILO-GIP စီမံကိန်းသည် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်ငန်းခွင်ဆက်ဆံရေး ( labor relations)၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှု (social dialogue) နှင့် ကျားမ တန်းတူညီမျှမှုတို့ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိသည်။ ယခုစီမံကိန်းကို ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ ( Sida) ၊ Marks and Spencer နှင့် H&Mတို့မှ ပံ့ပိုးပေးသည့် ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းကို ၂၀၁၆ ဇူလိုင်လမှ ၂၀၂၂ မေလအထိ ဆောင်ရွက်ခဲ့သည်။ သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက http://bit.ly/ilo-gip တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။